Australian Government | ParentsNext

# သင့်တိုးတက်မှုကို သတင်းပို့ခြင်း



ParentsNext တွင် သင် ပါဝင်ဆောင်ရွက်သည့်အခါ သင့်လုပ်ဆောင်မှုများကို သတင်းပို့ရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

သင့် ParentsNext အတိုင်ပင်ခံပုဂ္ဂိုလ်က မည်သည့်အချက်များ သတင်းပို့ရမည်ဖြစ်ကြောင်းနှင့် သင် သတင်းပို့ရမည့် နေ့ရက်များကို ပြောပြပါလိမ့်မည်။

သင့်အား Centrelink နှင့် ParentsNext ကို **သီးခြားစီ သတင်းပို့ရန်** ပြောပါလိမ့်မည်— သင် ဖုန်းဖြင့်ဖြစ်စေ၊ အွန်လိုင်းဖြစ်စေ သတင်းပို့နိုင်ပါသည်။

> သတိပြုရန်
>
> မိဘဖြစ်ခြင်းအတွက် ထောက်ပံ့ကြေး (Parenting Payment) ဆက်လက်ရရှိနေစေရန်အတွက် သင့် အတိုင်ပင်ခံပုဂ္ဂိုလ်က သတ်မှတ်ထားသည့် ရက်များတွင် သတင်းပို့ရန် အရေးကြီးပါသည်။ အကယ်၍သင် သတင်းမပို့ပါက သင့်ထောက်ပံ့ကြေးကို ထိခိုက်နိုင်ပါသည်။
>
> အကယ်၍ အကြောင်းတစ်ခုခုဖြစ်လာပြီး သင် ထိုနေ့ရက်တွင် သတင်းမပို့နိုင်ပါက သင့် ထောက်ပံ့ကြေးကို ထိခိုက်ခြင်းအား ရှောင်ရှားရန် သင့် အတိုင်ပင်ခံပုဂ္ဂိုလ်အား အမြန်ဆုံး ပြောပြပါ။ သင် Centrelink ကို ပြောရန်လည်း လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

## အွန်လိုင်း သတင်းပို့ခြင်း

သင့်အနေနှင့် **Centrelink** ကို **myGov website** ဝက်ဘ်ဆိုက် မှလည်းကောင်း၊ သို့မဟုတ် **Express Plus Centrelink** မိုဘိုင်းအက်ပ် မှတဆင့်လည်းကောင်း သတင်းပို့နိုင်ပါသည်။ သင့်အနေနှင့် **ParentsNext** ကို **Job Seeker** အက်ပ် မှတဆင့်လည်းကောင်း သတင်းပို့နိုင်ပါသည်။

သင့် အတိုင်ပင်ခံပုဂ္ဂိုလ်က **အကယ်၍သင် myGov account ဖွင့်ရန် အကူအညီလိုလျှင်လည်းကောင်း** သို့မဟုတ် သင့် myGov account ကို အက်ပ်များ ချိတ်ဆက်ရန်လည်းကောင်း အကူအညီပေးနိုင်ပါသည်။

### Centrelink ကို သတင်းပို့ခြင်း

**သင့်ဝင်ငွေကို သတင်းပို့ပြီး** ပါဝင်ဆောင်ရွက်မှု အစီအစဉ် (Participation Plan) **တွင်ပါသည့်** လိုအပ်ချက်များကို သင် ပြည့်မီစွာ ဆောင်ရွက်နေကြောင်း အတည်ပြုပါ။

### ParentsNext ကို သတင်းပို့ခြင်း

သင့် ပါဝင်ဆောင်ရွက်ခြင်း အစီအစဉ် လုပ်ဆောင်မှုများကို **သင် သွားရောက်လုပ်ဆောင်ပြီးကြောင်း အတည်ပြုပါ။**

## ParentsNext လုပ်ဆောင်မှုများ သတင်းပို့ခြင်း အတွက် အကြံပြုချက်များ

**အကယ်၍သင် အွန်လိုင်း သတင်းမပို့နိုင်ပါက** သတင်းပို့ရမည့်ရက်တွင် သင့် အတိုင်ပင်ခံပုဂ္ဂိုလ်အား ဖုန်းဆက်နိုင်ပါသည်၊ သူတို့က သတင်းပို့ရန်အတွက် သင့်အား ကူညီပါလိမ့်မည်။

**သင့်အနေနှင့် SMS ဖြင့်ဖြစ်စေ၊ Job Seeker အက်ပ်** မှတဆင့်ဖြစ်စေ၊ အီးမေးလ်မှတဆင့်ဖြစ်စေ၊ သတိပေးချက်များ ရရှိရေးအတွက် အွန်လိုင်းအကောင့် ဖွင့်နိုင်ပါသည်။ ပိုမိုသိလိုပါက သင့် အတိုင်ပင်ခံပုဂ္ဂိုလ်အား မေးမြန်းပါ။

Job Seeker အက်ပ် ၏ ပြက္ခဒိန်တွင် **သင့်မိသားစု၏ မဖြစ်မနေ လုပ်ရမည့်အလုပ်များကို ထပ်ပေါင်းထည့်နိုင်ပါသည်** သို့မဟုတ် သင့် အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြောပြပါ၊ သို့မှသာ သူတို့က သင့်မိသားစုဘဝနှင့် ကိုက်ညီမည့် လုပ်ဆောင်မှုများကို စီစဉ်ပေးနိုင်မည်ဖြစ်ပါသည်။

ပိုမိုသိလိုပါက dese.gov.au/parentsnext တွင် ကြည့်ပါ။